တရားမပုံစံအမှတ်-၉၄

ရောင်း ရန် ကြော် ငြာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆ )

အောင်မြေသာစံခရိုင်တရားရုံး

၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၃၂

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက်<br>(၎င်းဘဏ်၏ကိုယ်စား ဒုတိယ အထွေထွေ မန်နေဂျာ ဦးဝင်းမြင့်)<br><br>(တရားနိုင်) | နှင့် | ၁။ ဦးခင်မောင်တင့်<br>၂။ ဒေါ်မြင့်ဝင်း<br>၃။ ဦးခင်မောင်ဝင်း<br><br>(တရားရှုံးများ) |

မန္တလေးခရိုင်တရားရုံး၊၂၀၁၉ ခုနှစ်၊တရားမကြီးမှုအမှတ်- ၂၂၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၉)ရက်နေ့၊ မွန်းမတည့်မီ (၁၀.၀၀)နာရီအချိန်တွင် ၎င်းပစ္စည်း တည်ရှိ ရာ အရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ် သည့် ကိုယ်စား လှယ်ဖြင့် သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာ လိုက် သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့အရပ်၊ အကွက်အမှတ် (၁၇၅)၊ ဦးပိုင်အမှတ် (၇-က+၇-ခ)၊ ဧရိယာ (၀.၀၃၁၃+၀.၀၁၇၆)၊ စုစုပေါင်း (၀.၀၄၈၉)ဧကရှိ ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိ အဆောက်အဦး

လေလံကြမ်းခင်းဈေးကျပ်သိန်း ( ၁၂၀၀ )

ကျပ်သိန်း တစ်ထောင့်နှစ်ရာတိတိ

အရောင်းကြော်ငြာပြန်သွင်းရန် (၉.၁.၂၀၂၄ )

ရောင်းချရန် စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရှုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချ လိမ့်မည်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော် လိုက် သည်။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။သို့သော် အမြင့်ဆုံးပေး သည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁ဂဂလျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်း ခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်း မှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံ တင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင် ရမည်။ ၁၅ ရက်မြောက် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည နေ့တွင် အပြေ အကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ( ၁ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချ ရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ခရိုင်တရားသူကြီး
အောင်မြေသာစံခရိုင်တရားရုံး

**ကပ်ရန်**

၁။ အောင်မြေသာစံခရိုင်တရားရုံးကြော်ငြာသင်ပုန်း။

၂။ အောင်မြေသာစံမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း။

၃။ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း။

၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ။

၅။ ရုံးလက်ခံ။